# ပရိတ်နိဒါန်း

## နတ်ပင့်နှင့်တိုက်တွန်းလွှာ

### ပါဠိ

၁။ သမန္တာ စက္ကဝါဠေသု၊
အတြာ ဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊
သုဏန္တု သဂ္ဂ-မောက္ခဒံ။

### အသံထွက်

(သမန်တာ၊ စက်ကာ၊ ဝါလေသု၊
အတ်တာရာ ဂစ်ဆန်တု ဒေဝတာ။
သဒ်ဓမ်မံ မုနိရာဇတ်သ၊
သုဏန်တု သက်ဂမောက်ခဒံ။)

### မြန်မာပြန်

ပတ်ဝန်းကျင် စကြဝဠာတစ်ခွင်၌ နေကြကုန်သော နတ် ဗြဟ္မာအပေါင်းတို့ ပရိတ်ရွတ်ရာ သည်နေရာသို့ တရားနာလာကြကုန်လော့၊ မုနိတို့၏ဘုရင် ဘုရားရှင်၏ လူ၊ နတ်၊ နိဗ္ဗာန် ချမ်းသာ အကျိုးကို ပေးစွမ်းနိုင်သော ပရိတ် တရားတော်ကိုနာယူကြပါလော့။